# ဒုတိယတော်ကူးဆရာတော်ကြီး ဘဒ္ဒန္တ နာဝိက၏
# ထေရုပ္ပတ္တိအကျဉ်း




လက်ရှိဒုတိယတော်ကူးဆရာတော်ကြီး ဘဒ္ဒန္တနာဝိက လောင်းလျာကို မုဒုံမြို့နယ်၊ ကမာဝက်ကျေးရွာနေ ခမည်းတော် ဦးလနှင့် မယ်တော် ဒေါ်မယ်တီတို့မှ ကောဇာသက္ကရာဇ် ၁၂၈၉ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁)ရက်၊ စနေနေ့ နံနက် ၂ နာရီခန့် အချိန်တွင် ကောင်းမွန်စွာ ဖွားမြင်တော်မူခဲ့ပါသည်။ မွေးချင်း မောင်နှမ (၅)ယောက် ရှိသည့်အနက် ဆရာတော်မှာ ဒုတိယမြောက် သားရတနာဖြစ်ပြီး ငယ်နာမည်မှာ မောင်တောင်ငွေ ဖြစ်ပါသည်။

ငယ်ရွယ်စဉ်မှာ ကမာဝက်ရွာမှာပင် အခြေခံပညာများသင်ယူ၍ ကောဇာသက္ကရာဇ် ၁၂၉၉ ခုနှစ်၊ သက်တော် (၉)နှစ်သားအရွယ်တွင် ကမာဝက်ရွာ၏ သာသနာထွန်းကားရာ ရတနဒေဝသာရုံကျောင်းတိုက် ခြသေ့ကျောင်း ဆရာတော် ဘဒ္ဒန္တညာဏဝံသထံတော်တွင် ရှင်နာရဒ ဘွဲ့တော်ဖြင့် (၃)နှစ်၊ (၃)ဝါတိုင်တိုင် ရှင်သာမဏေဝတ်ခဲ့၍ ပါဠိပိဋကတ်တော်၏ အခြေခံဖြစ်သော စာပေကျမ်းဂန်များကို လေ့လာဆည်းပူး သင်ကြားခဲ့ပါသည်။

ထို့နောက် အသက်(၁၉)နှစ်အရွယ်တွင် ကမာဝက်ရွာသူ မအိမ်မေနှင့် အကြောင်းပါခဲ့၍ အိမ်ထောင်ပြုခဲ့ သည်။ သားသမီး(၄)ယောက် ထွန်းကား၍ တောင်သူဦးကြီးများ၏ အဓိကစီးပွားရေးဖြစ်သော လယ်ယာလုပ်ငန်းများ ကို ကြိုးစားလုပ်ကိုင်ခဲ့သောကြောင့် လယ်မြေ(၂၅)ကေနှင့် ရော်ဘာခြံတစ်ခြံတို့ကို ပိုင်ဆိုင်၍ သဘာဝအလျောက် လုပ်ကိုင်စားသောက်ခဲ့ရာ အလုပ်အားလပ်ချိန်များ၌ သံဖြူဇရပ်မြို့ တရားရိပ်သာများသို့၄င်း၊ မူလဆရာတော် ဘဒ္ဒန္တညာဏဝံသထံသို့၄င်း ချဉ်းကပ်၍ အခွင့်သင့်သလို ဝိပဿနာတရားများကို ကိုယ်တိုင်လည်း ကြိုးစားအားထုတ် မိမိပတ်ဝန်းကျင် သူတစ်ပါးတို့အားလည်း တိုက်တွန်းရင်း လုပ်ငန်းတစ်ဘက် တရားတစ်ဘက် တစ်လှည့်စီ လုပ်ကိုင်ဆောင်ရွက်နေသည်။

သက်တော်(၅၄)နှစ်အရွယ်တွင် ကြီးစွာသော သံဝေဂတရားတို့ရကာ ခြသေ့ကျောင်းဆရာတော်ထံမှာ ဒုတိယအကြိမ် မြင့်မြတ်သော ရဟန်းအဖြစ်သို့ခံယူကာ သာသနာတော်၌ ပျော်မွေ့စွာ ကြရာတာဝန်ကို ထမ်းဆောင်နေသည်။ ထို့နောက် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တော်ကူး ကျေးရွာတွင် ထူးခြားစွာ ပေါ်ပေါက်ခဲ့သော သာသနာ့အာဇာနည်တစ်ပါးဖြစ်တော်မူသော ပထမတော်ကူးဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယထံ ချဉ်းကပ်၍ ပဋိပတ္တိသာသနာတော်ကြီးကို ဆရာ တပည့် လက်တွဲညီညာစွာ ကြိုးစားအားထုတ်ခဲ့သည်။

ပထမတော်ကူးဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယ၏ နည်းနာနိဿယအတိုင်း အနီးကပ်ခံယူ၍ အရပ်လေးမျက်နှာ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ရဟန်း၊သီလရှင်၊လူ၊ယောဂီတို့အား ဆရာတော်ကြီး၏တပည့်ပီပီ အထူး ကြပ်မတ်၍ ဝိပဿနာတရား အားထုတ်မှုများကို ညွှန်ပြဆိုဆုံးမခဲ့သည်။ ပထမတော်ကူးဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယ လွန်တော်မူ၍ မကြာမီနှစ်များအတွင်း ဒုတိယတော်ကူးဆရာတော်ကြီး ဘဒ္ဒန္တနာဝိကသည် တော်ကူးရိပ်သာ ကျောင်းတိုက်၏ ပဓာနနာယကအဖြစ်ခံယူကာ ဆက်လက်ကြိုးစား အားထုတ်ခဲ့သည်မှာ ယခုလက်ရှိ သက်တော် (၈၃)နှစ်ကျော်ပြီးဖြစ်သော်လည်း စိတ်ဓါတ်အားမာန်အပြည့်ဖြင့် လာရောက်ကြသောတပည့်တို့အား ချမ်းချမ်းသာသာ နေနိုင်ရန် ချီးမြှင့်ထောက်ပံ့လျှက် သီတင်းသုံးနေထိုင်၍ ကျောင်းတိုက်၏အဆောက်အဦးကအစ ပြည့်စုံစေရန် ကြိုးစားအားထုတ်လျှက်ရှိပါသည်။